# “လမ်းကြောင်း”

## Making a Beeline

သူငယ်ချင်းတစ်ဦးကလာ၍ ခေါ်မည်ဖြစ်သောကြောင့် တိတ်ဆိတ်ငြိမ်သက်ပြီး လူရှင်းသော စားသောက်ဆိုင်တစ်ခုတွင်စောင့်၍ အချိန်ဖြုန်းရန် ဆုံးဖြတ်ခဲ့သည်။ ကျွန်ုပ်ထိုင်သော နေရာအနီးရှိ ပြတင်းပေါက်မှန်တစ်ခုတွင် ကြည်လင်ပြီး ထွင်းဖောက်၍ မြင်နေရသောမှန်ကို ဖြတ်ထွက်ရန် ကြိုးစားပျံသန်းရင်း လမ်းရှာနေသည့် ပျားကလေးတစ်ကောင်ကို တွေ့ရသည်။ ပျားကလေးသည် ပြတင်းပေါက်မှန်၏ အဆုံးသို့ပျံတက်၍ ထွက်ပေါက်ရှာနေရင်း မောပန်းလာသည့်အဆုံး မှန်၏အောက်ခြေသို့ ပြန်၍ကျလာသည်။ ဤသို့သော် အကျိုးမရှိသော ကြိုးစားအားထုတ်မှုကို ထပ်ကာထပ်ကာ ပြုလုပ်နေခဲ့သည်။ ထိုထက်ပို၍ နည်းလမ်းရှာဖွေတတ်ရန် အစီအစဉ်ရှိဟန်မတူပေ။ အံ့ဩဖို့ကောင်းသည်မှာကား လက်မအနည်းငယ်ခန့်အကွာတွင် တံခါးပေါက်ရှိနေခြင်းပင်ဖြစ်သည်။ ပျားကလေးက တံခါးကိုမမြင်ပေ။ ပျားကလေးသည် အထက်အောက်သာ ပျံသန်းနေပြီး ဘေးတိုက်ပျံသန်း၍ လွတ်လမ်းကိုမရှာတတ်ခြင်းလည်း ဖြစ်နိုင်သည်။ သို့မဟုတ်ပါကလည်း ပြတင်းပေါက်ဘောင်ကို ကျော်ဖြတ်ရန် ခက်ခဲနေခြင်းလည်း ဖြစ်နိုင်သည်။ ပျားငယ်ကလေးအတွက် ပြင်ပလောကနှင့် လွတ်လပ်မှုသည် အမှန်တကယ် ထိစပ်နီးကပ်နေသော်လည်း လွတ်လပ်ခွင့်မရနိုင်သေးပေ။

ပျားငယ်ကလေးသည် လွတ်လမ်းမတွေ့ခင်အထိ ပျံတက်လိုက်၊ ပြန်ကျလိုက် ကြိုးစားနေရသည်မှာ ဆယ်မိနစ်ခန့်ပင် မကြာလှချေ။ မည်သို့များ လွတ်မြောက်ခဲ့ပါသနည်း။ အကြောက်တရား ဖိစီးမှုကြောင့်ဖြစ်ပါသည်။ အပြင်ဘက်မှ ဖြတ်သွားသူတစ်ဦးက ပြတင်းပေါက်မှန်ကို အမှတ်တမဲ့ တိုက်မိလိုက်ပြီး ပျားကလေးမှာ ကြောက်ရွံ့ထိတ်လန့်သွားခဲ့သည်။ ပြတင်းပေါက်မှန်သည် သူ၏လွတ်လပ်မှုကို ပိတ်ဆို့နေသကဲ့သို့ သူ့အား ခြောက်လှန့်သော ပြင်ပပုဂ္ဂိုလ်နှင့်လည်း ကာခြားပေးထားသည်ကို ပျားကလေးမသိခဲ့ပေ။ အန္တရာယ်ကို ရှောင်ရှားရန်အတွက် သူ၏ပျံသန်းမှုလမ်းကြောင်းကို ပြောင်းလိုက်သည်။ တဟုန်ထိုးနောက်သို့ဆုတ်ကာ လမ်မအနည်းငယ်မျှ ပျံသန်းလိုက်ရုံဖြင့် ပွင့်နေသော တံခါးမှတိုးဝင်လာသော အလင်းရောင်ကို တွေ့လိုက်ရပြီး ထိုတံခါးဝမှ ထွက်ခွာပျံသန်းလွတ်မြောက်သွားခဲ့ပေသည်။

ထိုပျားငယ်ကလေး၏ အဖြစ်ကဲ့သို့ပင် သင်ကြုံတွေ့ခံစားဖူးသလား။ သင်၏လမ်းကြောင်းတွင် ထွက်ပေါက်မရှိအောင် ချောင်ပိတ်မိနေသော အကျဉ်းသားတစ်ဦးသဖွယ် ခံစားခဲ့ရဖူးပါသလား။ လွတ်မြောက်ရန် ကြိုးပမ်းရန် မဖြစ်မနေလုပ်ဆောင်မည်ဟု တွေးမိသော်လည်း တကယ့်လွတ်လပ်မှုကို ရရှိရန်မလွယ်ဟူ၍ စဉ်းစားမိခဲ့ဖူးပါသလား။ ကျွန်ုပ်တို့၏ ဘဝခရီးလမ်းတွင် ပြတင်းပေါက်မှန်ကဲ့သို့ပင် ထိုးဖောက်ဝင်ရောက်ရန် မလွယ်ကူဟု ထင်ရသော မရေတွက်နိုင်သည့် အတားအဆီးများကို ဘုရားသခင်က ဖန်ဆင်းထားသော်လည်း ထိုအခက်အခဲမှ လွတ်မြောက်ရာလမ်းရှိနေသည့် အခြားဦးတည်ရာအလုပ်တစ်ခုကိုလည်း ဖန်ဆင်းထားမြဲဖြစ်ပါသည်။

# “လွတ်မြောက်ခြင်း”

## Escape

ဘဝတွင် ဖြစ်နိုင်ခြေမရှိဟု ယူဆရသော အရာများစွာရှိသော်လည်း ကျွန်ုပ်အတွက်မူ အရာအားလုံးသည် ဖြစ်မြောက်အောင်မြင်လာခဲ့သည်ချည်းပင်။ ဘဝကို သင်၏ကိုယ်ပိုင်ဆင်ခြေများဖြင့် ဆန်ခါတင်စစ်ဆေးကြည့်လျှင် သင့်အား စိတ်ရှုတ်ထွေးစေသည့် ပြဿနာများနှင့် ဖြစ်နိုင်ချေ အောင်မြင်နိုင်ခြေ မရှိသောအရာများကို တွေ့ရလေ့ရှိသည်။ ထိုအရာအားလုံး၏ ဝန်ဒုက္ခကို သည်းခံနိုင်စွမ်းမရှိကြောင်း သင်သိနေသဖြင့် စိတ်ပျက်လက်လျှော့ခြင်း ဖြစ်ရလေ့ရှိသည်။

ထိုဖြစ်နိုင်ခြေမရှိသော အရာအားလုံးသည် သင့်အားစိတ်ပျက်အားငယ်စေသော သဘောအဓိပ္ပါယ်မဆောင်ပေ။ သို့ရာတွင် သင်၏အလုပ်တွင် ကျွန်ုပ်ကို သိမြင်ယုံကြည်လာစေရန် အခွင့်အလမ်းတစ်ခုပေးနေခြင်း ဖြစ်ပါသည်။ ထိုသို့ကျွန်ုပ်ကို သိမြင်ယုံကြည်စေခြင်းက သင်၏ကိုယ်ပိုင်စွမ်းအားဖြင့် ကျော်လွှားရန် အပြင်းအထန် ကြိုးပမ်းအားထုတ်နေခြင်းမှ ကင်းလွတ်ခွင့်ရရှိစေသည်။ ကျွန်ုပ်သည်ပင် သင်၏တစ်ခုတည်းသော မျှော်လင့်ချက်ဖြစ်ပြီး သင့်အားကယ်တင်မည့် တစ်ဦးတည်းသော ကယ်တင်ရှင်သာဖြစ်သည်။ သင့်စွမ်းအားဖြင့် အချည်နှီးကြိုးပမ်းအားထုတ်နေမှုများ၊ ရွံ့ကြောက်ထိတ်လန့်မှုများနှင့် ဝေခွဲမရမှုများမှ သင့်အားထုတ်ဆောင်ပေးသောကြောင့် မျှော်လင့်ချက်မရှိသော လမ်းခရီးတွင် ငြိမ်းချမ်းမှုနှင့် မျှော်လင့်ချက်များကို သင်တွေ့ရှိခြင်းဖြစ်သည်။ သင်သည် ကိုယ်ပိုင်ပြဿနာများကို စိုးရိမ်ပူပန်မှုဖြင့် အချည်းအနှီး ကြိုးပမ်းအားထုတ်မှုများကို သင့်ဘာသာသင် အဆုံးသတ်လျှင်လည်း သင့်အတွက် ဖြစ်နိုင်ခြေမရှိမှုများကို ကျွန်ုပ်ကဖန်တီးပါလိမ့်မည်။ သင်သည် ကျွန်ုပ်ကို နားလည်သဘောပေါက်ခြင်းမရှိလျှင်သော်မှ ကျွန်ုပ်ကို အားကိုးအားထားပြုရန် ကျွန်ုပ်ကို ယုံကြည်ရန်နှင့် သင်၏ဘဝလမ်းပေါ်ရှိ အခက်အခဲများမှ ကျွန်ုပ်အား ကယ်တင်ခွင့်ပေးရန် သင်ဆည်းပူးလေ့လာစေချင်သည်။

သူ့ကိုသူ လွတ်မြောက်ရန် ကြောက်လန့်တကြား ရုန်းကန်နေသော ရေနစ်နေသူတစ်ဦးကို ကယ်ဆယ်ခြင်းကား အလွန်ခက်ခဲလှသည်။ သူသည် ကြောက်စိတ်မွှန်နေသည်။ ထို့ပြင် သူ့အားကယ်တင်ရန် သူ့ထံကပ်လာသူများအတွက်လည်း အန္တရာယ်ရှိလှသည် ထိုသို့သော အခြေအနေမျိုးတွင် သင့်ကိုကျွန်ုပ် ပိုမိုကယ်တင်ချင်သော်လည်း သင်၏ကြောက်လန့်တကြား ရုန်းကန်လှုပ်ရှားမှုများ ရပ်တန့်သွားချိန်အထိ စောင့်ဆိုင်းနေရသေးသည်။ သင်၏ အချည်းနှီးကြိုးပမ်းအားထုတ်မှုများကို ရပ်တန့်ပြီး ကျွန်ုပ်ကသင့်ကို ကယ်တင်မည့်အရေးကို သင်ယုံကြည်လာရန် လေ့လာရမည်။

လွတ်မြောက်ရေးအတွက် ကမ်းမမြင် လမ်းမမြင် ဖြစ်နေပြီဆိုလျှင်မူ ကျွန်ုပ်ကိုတမ်းတလိုက်ပါ။ ထိုအခိုက်အတန့်အတွင်းတွင်ပင် ဤလောက၏ ကိုးစားအားထားရာများထက် ပိုမိုမြင့်မားသော ကျွန်ုပ်၏ဝိညာဉ်တော်ထဲသို့ သင့်ကိုဆွဲယူ ကယ်တင်နိုင်ပါလိမ့်မည်။

သင်၏ စွမ်းအားကုန်ဆုံးသွားသောအခါ သင်၏ကိုယ်ပိုင်လူသား အကျဉ်းအကျပ်များ၏ အကျဉ်းသားဖြစ်နေပြီး လွတ်လမ်းမမြင်တော့ဟု သတိပြုမိသောအခါ သင့်ဘဝ၏ နိဂုံးဟု ယူဆနိုင်သော်လည်း စင်စစ် ဘဝနိဂုံးမဟုတ်သေးပါ။ ဘဝ၏အစမျှပင် ရှိပါသေးသည်။ ထိုအစကား သင်၏အဆုံးနှင့် ကျွန်ုပ်၏အစတို့၏ နယ်မြေခြားမျဉ်း၊ ရှေ့တန်းစခန်းနှင့် အနားသတ်လမ်းပင် ဖြစ်တော့မည်။

(ကားတစ်စ် ပီတာ ဗန်ဂေါ်ဒါ)
(By. Curtis Peter Van Gorder)